The Arakan International
The Arakan International
နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# ဗုန်းဒလုတ်ကေအာလွမ်း



"ဗုန်းဒလုတ်ကေ -- ဝေ
နင့်မှာသားသမီး ဇာနှစ်ယောက်ဟိလဲ
တစ်ကျိုပ်ကိုးယောက်
ငါ့ (ကို) တစ်ယောက်ပီး
မပီး
နင့်ဂေါင်းမှာ ကြက်ချီး
ယက်ချပလိုက်
မယက်
နင့် (ကို) ငါ လိုက်"။ ။

ရွာတလင်းပြင်၊ စံပယ်ပင်အောက်
သူ့ယင်ငါရောက်၊ ကဆုန်ပေါက်လို့
ငါရို့ပျော်ခ၊ ငယ်ဘဝမှာ
နွမ်းလျှဘဝင်၊ မချိတင်ကဲ
ဇာလဲမဟိ၊ ပြုံးအတိနန့်
စိတ်သန့်ကိုယ်မှာ၊ အားပြည့်ပါ၏။
ဇာပင်စားရ၊ ဝမ်းမှာ ဝ ၏။
ဇာပင်ဝတ်ရ၊ စိတ်မှာ လှ ၏။ ။

ဂုဓါဆိုကော၊ ဂလုတ်ဘယ်မှာ
အမေရိက၊ ဥရောပ နန့်
အနံ့ကမ္ဘာ၊ ရောက်နိန်ပါလည်း
နှစ်ပေါင်းကုန်ကုန်၊ နှစ်သစ်ဆုံလည်း
မကြောင့်မကြ၊ နိန်ပါရလည်း
ဘဝအခြီ၊ မြင့်ဗျာနီလည်း
ပါပါမေမေ၊ ညီမချေ နန့်
သူငယ်ချင်းကောင်း၊ မျိုးဆွီပေါင်းကို
နိစဉ်တမ်းတ၊ အောင့်မိရ၏။
စိတ်လွမ်းထွေထွေ၊ ရွာသို့လည်၏။
မချိဘဝင်၊ နွမ်းရိထင်၏။ ။

ဗုန်းဒလုတ်ကော၊ တ ဝေ ဝေ လျှင်
ကဇါပ်လိုက်ချင်ဘိသည်တကား။ ။

ကာဇော (မယူကမ်း)